## Eight Sunday in Ordinary Time

**1st READING:** ***Isaiah 49: 14-15***
ဟေရှာယအနာဂတ္တိကျမ်း   ၄၉း ၁၄–၁၅

ဇိအုန်ကလည်း၊ ထာဝရဘုရားသည် ငါ့ကိုစွန့်ပစ်တော်မူပြီ။ ဘုရားရှင်သည် ငါ့ကိုမေ့လျော့တော်မူပြီဟု ဆိုလေသော်။ မိန်းမသည်မိမိဘွားသော သားကိုမသနားသည်တိုင်အောင်၊ မိမိနို့စို့သူငယ်ကို မေ့လျော့နိုင်သလော။ အကယ်၍မေ့လျော့သော်လည်း၊ သင့်ကိုငါမမေ့လျော့။

**Responsorial Psalm  Psalm  62:2-3, 6-7, 8-9**

ဆာလံကျမ်း ၆၂း ၂–၃၊ ၆–၇၊ ၈–၉

၂–၃။ ကိုယ်တော်တစ်ပါး တည်းသာလျှင် ငါ၏ ကျောက်ဆောင်၊ ငါ၏ကယ် တင်ခြင်း ဖြစ်တော်မူ၏။
ကိုယ်တော်သည် ငါ၏ ရဲတိုက်ဖြစ်၍၊ ငါသည် မည်သည့်အခါမျှ တုန်လှုပ် လိမ့်မည်မဟုတ်။
သင်တို့သည် လူတစ်ဦးကို မည်မျှ ကြာအောင် တိုက်ခိုက်ကြမည်နည်း။ တိမ်းစောင်းနေ သောနံရံ၊
ယိမ်းယိုင်နေသော ခြံစည်းရိုးကဲ့သို့ဖြစ်နေ သည့် ဤသူကို သင်တို့အားလုံးက ပြိုလဲကြပါမည် လော။

၆–၇။ ကိုယ်တော်တစ်ပါးတည်းသာလျှင် ငါ၏ကျောက်ဆောင်၊ ငါ၏ကယ်တင်ခြင်းဖြစ်တော်မူ၏။
ကိုယ်တော်သည် ငါ၏ ရဲတိုက်ဖြစ်၍ ငါသည် တုန်လှုပ် လိမ့်မည်မဟုတ်။ ဆောင်၊
ငါ၏ခိုလှုံရာဖြစ်တော်မူ၏။

၈–၉။ အိုလူအပေါင်းတို့ကိုယ်တော်ကိုအချိန်ကာလတိုင်း၌ယုံကြည်အားထားကြလော့။ကိုယ်တော့်ထံတော်
သို့သင်တို့၏စိတ်နှလုံးများကိုသွန်ချကြလော့။အကြောင်းမူကား၊ထာဝရဘုရားသည်ငါတို့၏ခိုလှုံရာဖြစ်
တော်မူ၏။နိမ့်ကျ သောသူတို့သည်ထွက်သက်ဝင်သက်မျှသာဖြစ်၍၊ ဂုဏ်အသရေရှိသောသူတို့သည်
မုသား တစ်ခုသာဖြစ်၏။ ချိန်ခွင်တွင်ချိန်စက်၍ကြည့်ပါကသူတို့သည်အနန္တပင်ဖြစ်ကြ၏။ နှစ်ဦး
ပေါင်းလျှင်သူတို့သည်ထွက် သက်ဝင်သက်မျှသာလျှင်ဖြစ်၏။

**2nd READING: 1 Corinthians 4:1-5**

ကော်ရင့်သုဩဝါဒပထမစာစောင် **၄း ၁–၅**

ငါတို့ကိုခရစ်တော်၏အစေခံများအဖြစ်လည်းကောင်း၊ဘုရားသခင်နှင့်ဆိုင်ရာနက်နဲဖွယ်ရာများ၏ဘဏ္ဍာစိုးများအဖြစ်လည်းကောင်း သင်တို့မှတ်ယူသင့်ကြ၏။ ထိုမှုမကဘဏ္ဍာစိုးတို့သည် ယုံကြည်စိတ်ချရသူများဖြစ်ရန်လိုအပ်ပေသည်။ သို့သော်သင်တို့အားဖြင့်ဖြစ် စေ၊ လူ့အဖွဲ့အစည်း၏ ခုံရုံးတစ်ခုအားဖြင့်ဖြစ်စေတရားစီရင်ခြင်းခံရလျှင်လည်းငါ့အတွက်မူအသေးအ ဖွဲမျှသာဖြစ်သည်။ ငါသည်မိမိကိုယ်ကိုပင်စီရင်ဆုံးဖြတ်သည်မဟုတ်ပေ။ ငါ၏ဆင်ခြေတုံတရားကိုဆန့် ကျင်သည့်အရာ တစ်စုံတစ်ခုမျှ ငါသတိမပြုမိချေ။ ဤသို့ဖြစ်သော်လည်းငါသည် အပြစ်လွတ်သည်မ ဟုတ်။သခင်ဘုရားသည်သာလျှင်ငါ့ကိုစီရင်ဆုံးဖြတ်သူဖြစ်တော်မူသည်။ထို့ကြောင့်၊အချိန်မတိုင်မီ၊သခင် ဘုရားကြွလာတော်မမူမီ စီရင်ဆုံးဖြတ်ချက်မချကြလေနှင့်။ ကိုယ်တော်သည် မှောင်မိုက်တွင် ဖုံးကွယ် လျက်ရှိသည့်အရာများကို အလင်းသို့ယူဆောင်လာပြီး၊ နှလုံးသား၏ ရည်ရွယ်ချက်များကိုလည်း ဖော် ထုတ်တော်မူလိမ့်မည်။ ထိုအခါ လူတိုင်းသည် မိမိ၏ထောက်ခံချက်ကို ဘုရားသခင်ထံမှရရှိလိမ့်မည်။

**GOSPEL:** ***Matthew 6:24-34***

ရှင်မာတေဦး ဧဝံဂေလိကျမ်း ၆း၂၄–၃၄

မည်သူမျှ သခင်နှစ်ပါးကိုအစေမခံနိုင်။အကြောင်းမူကားသခင်တစ်ပါးကိုမုန်း၍တစ်ပါးကိုချစ်လိမ့်မည်၊ သခင်တစ်ပါးကိုသစ္စာခံ၍တစ်ပါးကိုမထီမဲ့မြင်ပြုလိမ့်မည်သင်တို့သည်ဘုရားသခင်နှင့်မာမုန်နှစ်ပါးစလုံးကို အစေမခံနိုင်။ထို့ကြောင့်သင်တို့အားငါဆိုသည်ကားသင်တို့ဘဝအသက်ရှင်ရေးအတွက်မည်သည့်အရာကို စားသောက်ရမည်၊ သင်တို့ခန္ဓာကိုယ်အတွက်မည်သည့်အရာကိုဝတ်ဆင်ရမည်ကိုစိုးရိမ်ပူပန်ခြင်းမရှိကြ နှင့်။အသက်သည်အစာထက်မြတ်သည်မဟုတ်လော၊ခန္ဓာကိုယ်သည်အဝတ်ထက်မြတ်သည်မဟုတ်လော။ မိုးကောင်းကင်ငှက်တို့ကိုကြည့်ရှုကြလော့၊ထိုငှက်တို့သည်မျိုးစေ့လည်းမကြဲ၊ကောက်နှံများကိုလည်းမရိတ်သိမ်း၊ ကျီများတွင်လည်းသိုလှောင်ခြင်းမပြုကြချေ။ သို့သော်ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့၏ အဖသည်ထိုငှက်တို့ကိုကျွေးမွေးတော်မူ၏။ သင်တို့သည်ငှက်များထက်သာ၍မြတ်ကြသည်မဟုတ်လော။ သင်တို့တွင် မည်သူသည် စိုးရိမ်ကြောင့်ကြခြင်းဖြင့် မိမိဘဝသက်တမ်းကိုအနည်းငယ်တိုးစေနိုင်သနည်း။ သင်တို့သည်အဘယ်ကြောင့်ဝတ်ဆင်မှုအတွက်စိုးရိမ် ကြောင့်ကြနေကြသနည်း၊ လယ်ကွင်းပြင်ရှိတောနှင်းပန်းတို့မည်သို့ရှင်သန်နေကြသည်ကိုသတိမူကြလော့ယင်းတို့သည်အလုပ်လည်းမလုပ်၊ဖိုင်းလည်းမငင်ကြ၊ သို့ရာတွင်သင်တို့အားငါဆိုသည်မှာဘုန်းတန်ခိုးကြီးသော ဆောလမုန်ဘုရင်သည်ပင်လျှင်ထိုပန်းပင်တစ်ပင်ကဲ့သို့လှပစွာမဆင်မြန်းနိုင်ခဲ့ချေ။ ယုံကြည်ခြင်း အားနည်းသောသင်တို့၊ယနေ့ရှင်သန်လန်းဆန်းလျက် မနက်ဖန်မီးဖိုထဲသို့ပစ်ချခြင်းခံရသောလယ်ကွင်းပြင် မှတောမြက်ပင်ကိုပင် ဘုရားသခင်သည်ဤသို့အလှဆင်ပေးတော်မူလျှင် သင်တို့ကိုမူကား ထိုထက်မက အဆပေါင်းများစွာဆင်ယင်ပေးလိမ့်မည်မဟုတ်လော၊ ထို့ကြောင့်သင်တို့သည်မည်သည့်အရာကိုစားသောက်ကြရမည်။မည်သည့်အရာဝတ်ဆင်ကြရမည်ကိုစိုးရိမ်ပူပန်ခြင်းမရှိကြနှင့်။လူမျိုးခြားတို့သာလျှင်ဤအရာခပ်သိမ်းကိုရှာဖွေတတ်ကြ၏။အကြောင်းမူကားကောင်းကင်ဘုံရှင်သင်တို့အဖသည်ဤအရာအားလုံးစုံကိုသင်တို့လိုအပ်ကြောင်းသိတော်မူ၏။သို့ဖြစ်၍ဘုရားသခင်၏ နိုင်ငံတော်နှင့်ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြလျှင်ကိုယ်တော်သည်သင်တို့အား ထိုအရာအားလုံးစုံကို ထပ်လောင်း၍ ပေးသနား တော်မူလိမ့်မည်။ ထို့ကြောင့် မနက်ဖြန်နေ့အတွက် မစိုးရိမ်ကြနှင့်။မနက်ဖြန်နေ့သည်မိမိအတွက်စိုးရိမ်လိမ့်မည်။တစ်နေ့တာကြုံတွေ့ရသည့်စိုးရိမ်ပူပန်ခြင်းများသည် ထိုနေ့အတွက် လုံလောက်ပေ၏။